# ရှာမှရှားတဲ့နိုင်ငံရေးသမား နှင့် နိုင်ငံရေးဆောင်းပါးများ

မောင်ဝံသ



# စာရေး သူ၏ အမှာ

ဤဆောင်းပါးစုသည် ၂၀၀၇-၂၀၀၉ ကာလအတွင်း မဂ္ဂဇင်း၊ ဂျာနယ်အချို့တွင် ကျွန်တော် ရေး သားခဲ့သော ဆောင်းပါးများ အနက် နိုင်ငံရေး ကို အလေးပေးရေး သားခဲ့သည်များ အား ရွေးချယ် စုစည်းထားခြင်း ဖြစ်ပါသည်။

"ရှာမှရှားတဲ့ နိုင်ငံရေး သမား" ကို စာအုပ်ခေါင်းစဉ် တင်ထားခြင်းမှာ မြန်မာနိုင်ငံတွင် ခေတ် ရေစီးကြောင်းအားလျော်စွာ ပေါ်ဆဲပေါ်လတ္တံ့နိုင်ငံရေး သမားများ အား ဦးတည်ချက် ထားလိုခြင်း ကြောင့် ဖြစ်ပါသည်။ နိုင်ငံရေး သမားကောင်းဟူသည် မည်သို့ ကျင့်ကြံနေထိုင်သည် ဆိုခြင်းကို ကျွန်တော် တို့က 'မိကျောင်းမင်း ရေကင်းပြရန်' မရည်ရွယ်ပါ။ ကျွန်တော် တို့၏ တာဝန်မှာ မြန်မာ့ နိုင်ငံရေး သမိုင်းအစဉ်အဆက်၌ ပေါ်ထွန်းခဲ့သော စံနမူနာယူလောက်သည့် နိုင်ငံရေး သမားကြီးများ အကြောင်း မီးမောင်းထိုးပြဖို့သာ ဖြစ်ပါသည်။ စံနမူနာ ယူခြင်း၊ မယူခြင်းမှာ ယနေ့ခေတ် နိုင်ငံရေး သမားများ ၏ ဆန္ဒအတိုင်းသာ ဖြစ်ပါစေတော့။

ကျွန်တော် သည် ၂၀၀၇ ခုနှစ် နှစ် ဆန်းပိုင်းလောက်ကစ၍ ဂျာနယ်အချို့တွင် နိုင်ငံရေး ဆောင်းပါးများ ဆက်တိုက်ဆိုသလို ရေး သားခဲ့ပါသည်။ နိုင်ငံရေး အကြောင်းအရာဟူသည် မတို့ရဲ မထိရဲစရာဟု အများ က စွဲမှတ်ထားချိန်တွင် ကျွန်တော် ၏ ဆောင်းပါးများ ကို ကြိုဆိုလက်ကမ်းကာ ထည့်သွင်းဖော်ပြပေးခဲ့ကြသော မဂ္ဂဇင်း၊ ဂျာနယ်အားလုံးကို အထူးကျေးဇူးတင်ကြောင်း အလေး အနက်ပြောလိုပါသည်။

ဤနှစ် ကာလအပိုင်းအခြားအတွင်း ကျွန်တော် သည် အခြားအထွေထွေ အကြောင်းအရာ များ ထက် နိုင်ငံရေး ဆောင်းပါးများ ကို အလေးပေး ရေး သား ဖြစ်ခဲ့ပါသည်။ အကြောင်းမှာ မြန်မာ နိုင်ငံသည် ဤနှစ် များ အတွင်း အရေး ကြီးသော နိုင်ငံရေး

မှတ်တိုင်များ ကို ဖြတ်ရတော့မည် ဖြစ်၍ ပြည်သူလူထုကို ကျွန်တော် တို့ပြောစရာတွေ အများကြီး ရှိနေသော ကြောင့် ဖြစ်ပါသည်။ သာမန် ပြည်သူများ သည် အကြောင်းကြောင်းကြောင့် နိုင်ငံရေး ကို မစဉ်းစား၊ မဆွေးနွေး၊ နားမထောင်၊ အလေးမထားဘဲ နေခဲ့ကြသည်မှာ နှစ်ပဒိုင္စြေဒပင် ရှည်ကြာခဲ့ပြီ ဖြစ်၍ ကျွန်တော် တို့က ပြန်လည် လှုပ်နှိုးပေးရန် လိုအပ်သည်ဟု ခံယူမိပါသည်။

သာမန်ပြည်သူများ ဟု ကျွန်တော် သုံးနှုန်းခဲ့ပါသည်။ ပညာတတ် အသိုင်းအဝန်းများ ကတော့ နိုင်ငံရေး ကို စိတ်ဝင်စားကြပုံရပါသည်။ သို့သော် ပညာတတ်များ မှာ လူနည်းစု ဖြစ်ပါသည်။ တိုင်း ပြည်ကံကြမ္မာကို အဆုံးအဖြတ်ပေးမည် သူများ မှာ သာမန်ပြည်သူများ (မဲဆန္ဒရှင် အများ စုကြီး) ဖြစ် သည် မဟုတ်ပါလော။

ကျွန်တော် ၏ ပြင်းပြသော ဆန္ဒမှာ ထိုသာမန်ပြည်သူများ ကို နိုင်ငံရေး ဘက်သို့ နည်းနည်း လေး ဖြစ် ဖြစ် လှည့်ကြည့်စေချင်သည်။ မိမိပေးရမည့် ဆန္ဒမဲပြားကို အလေးအနက် တန်ဖိုးထားစေ ချင်သည်။ ပြီးပြီးရော မလုပ်ကြစေလိုပါ။ တတ်နိုင်သသမျှ တွန့်တိုစေချင်သည်။ တတ်နိုင်သမျှ ချိန်ချိန်ဆဆ ဆုံးဖြတ်ကြစေချင်သည်။ ဘာကိုမှ၊ ဘယ်သူ့ကိုမှ ကြောက်သည့်အကျင့် မပါကြစေလို ပါ။ မဲဆန္ဒရှင်ဟူသည် အောက်ကလူ မဟုတ်၊ စင်ပေါ်ကလူ ဆိုတာကို ယုံကြည်ကြစေချင်သည်။ ထို့ကြောင့် ကျွန်တော် ရေး သော ဆောင်းပါးများ တွင် နိုင်ငံရေး သမားကောင်းများ ပေါ်ထွန်းရေး ကို တိုက်တွန်းနှိုးဆော်ခြင်းနှင့် အတူ ခွဲခြမ်းစိပ်ဖြာ ဆင်ခြင်ဉာဏ်ဖြင့် ဆန္ဒမဲပေးသည့်ပြည်သူများ တိုးပွားလာရေး ကိုလည်း ဆော်သြခဲ့ပါသည်။

မကြာသေးမီက ပန်းသတင်းဂျာနယ် (The Flower News) က တွေ့ဆုံမေးမြန်း၍ ဖြေကြားရာတွင် ကျွန်တော် က လက်ာသွားဆန်ဆန် အောက်ပါစာသားများ ကို ရွတ်ဆိုပြလိုက်ပါ သည်။ ယင်းဂျာနယ်တွင် ပုံနှိပ်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

(၁) မဲပေးရမှာ မကြောက်ပါနဲ့။

(၂) ဘယ်သူခြောက်ခြောက် မကြောက်ပါနဲ့၊

နောက်မှာ လူထုအားရှိသည်။

(၃) လူကို မရွေး ပါတီရွေးပါ၊

လူတော် သော် လည်း၊ ပါတီ ရှော်က၊ တိုင်းပြည်ချောက်ကျမည် ။

(၄) ပါတီမူဝါဒ၊ သူတို့ပြောသမျှ မယုံကြနှင့် ၊

ခေါင်းဆောင်လုပ်သူ၊ ပါဝင်သူတွေ ၊ ဘယ်သူတွေ လဲ၊ သေချာဂန၊

ဆန်းစစ်ကြ၊ မှချမှန်မှ ပြည်သာမည် ။

ကျွန်တော် ၏ နိုင်ငံရေး ဆောင်းပါးများ ကို ဖတ်ရှုပြီး ကောင်းသော စိတ်ကူးစိတ်သန်းများ ပေါ်ပေါက်လာကြလျှင် အများ ကောင်းကျိုးအလို့ငှာ ဆင့်ပွားဖြန့်ဖြူး ကြပါရန် ပန်ကြားတိုက်တွန်း လိုက်ရပါကြောင်း။

မောင်ဝံသ

ရန်ကုန်မြို့

၂၁ ရက် ဖေဖော်ဝါရီ ၂၀၁၀

***

# အပိုင်း ၁

## မြန်မာ့နိုင်ငံရေး သမား ရုပ်ပုံလွှာ

၁။ ရှာမှရှားတဲ့ နိုင်ငံရေး သမား

၂။ သခင်ဝတင်ကို အကြောင်းပြု၍

၃။ စံပြနိုင်ငံရေး သမား ဗိုလ်ချုပ်အောင်ဆန်း

၄။ ဆရာ ဦးသိန်းဖေမြင့်ကို လွမ်းပါသည်

၅။ ဦးနုနှင့် ကြုံဆုံခဲ့ဖူးသမျှ

၆။ နိုင်ငံရေး သတင်းလိုက်ခဲ့ခြင်း ရှေးဟောင်းနှောင်း ဖြစ်

***

# ရှာမှရှားတဲ့ နိုင်ငံရေး သမား

“နိုင်ငံရေး သမားကောင်း ဖြစ်ချင်ရင် အောင်နိုင်ရမယ်” လို့ သခင်ဝတင်က ပြောခဲ့တယ်။

သခင်ဝတင်ဆိုတာ ဘယ်သူပါလိမ့်။

ကျွန်တော် က သခင်ဝတင်ရှေ့မှာ ဂုဏ်ထူးဝိသေသမတပ်ဘဲ တမင်ရေး လိုက်တာပါ။ စာဖတ်သူတွေ ထဲက သခင်ဝတင်လို့ ပြောလိုက်တာနဲ့ သိသူတွေ လည်း ရှိနိုင်ပါတယ်။ သို့ ပေမယ့် သူဟာ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဦးသန့်စသည်ဖြင့် နာမည် ရှေ့က ဂုဏ်ထူးဝိသေသ မထည့်ဘဲ ပြောလိုက်ရုံနဲ့ လူတိုင်း ဒက်ခနဲ သိလောက်သူတော့ မဟုတ်ပေဘူးဗျ။

သခင်ဝတင်ဟာ သခင်အောင်ဆန်းတို့၊ သခင်နုတို့နဲ့ ခေတ်ပြိုင် နိုင်ငံရေး သမားကြီးတစ် ယောက် ပါ။ ပြည်ခရိုင် ဆင်မြီးဆွဲနယ်က ဖြစ်ပြီး သခင်ရှုမောင်တို့နဲ့ မရှေးမနှောင်း နိုင်ငံရေး နယ်ပယ် ထဲ ရောက်ခဲ့တယ်။ တို့ဗမာအစည်းအရုံး နှစ် ခြမ်းကွဲတော့ သူတို့နယ်ဘက်မှာ သခင်ဗစိန်အုပ်စု တွေ ပဲ အားကောင်းတာမို့ သခင်ဗစိန်အုပ်စုဝင် ဖြစ်ခဲ့တယ်။ ဒါပေမယ့် သခင်ဝတင် တကယ်ကြည် ညိုတာက သခင်ကိုယ်တော် မှိုင်း ဖြစ်တယ်လို့ သူကိုယ်တိုင်က (၁၉၈၅ ခုလောက်မှာ ) ကျွန်တော့် ကို ပြောပြဖူးတယ်ဗျာ။

သခင်ဝတင်ဟာ ဗိုလ်ချုပ်အောင်ဆန်း အသက်ထင်ရှားရှိချိန်မှာ ဖဆပလ ဗဟိုအလုပ်အမှု ဆောင်၊ တွဲ ဖက်အတွင် းရေး မှူး ၊ ဗမာပြည် ဆိုရှယ်လစ်ပါတီ အထွေထွေ အတွင် းရေး မှူး စတဲ့ တာဝန်တွေ ကို တစ်ခါမှ ဝန်ကြီးရာထူးမယူခဲ့ဘူး။ ပါတီစည်းရုံးရေး ကိုပဲ ဇောက်ချလုပ်ခဲ့တယ်ဗျာ။

သခင်ဝတင်ဟာ အစိုးရ ရာထူးမယူဘဲ နိုင်ငံရေး သမား ဖြစ်တဲ့အတွက် သူ့ရဲ့ သီလသမာဓိကို လုပ်ဖော်ကိုင်ဖက်အတော် များများ က အသိအမှတ်ပြုတယ်။ လေးစားကြတယ်။ သူဟာ ကိုယ်ကျင့် သီလလုံခြုံတဲ့ နေရာမှာ လည်း စံပြုအပ်သူ ဖြစ်တယ်လို့ ထင်ရှားတယ်။ ငွေကြေး၊ မိန်းမ၊ အရက် သေစာ၊ လောင်းကစား ဘာတစ်ခုမှ အငြိမ်အစွန်း မရှိဘူး။ ဒါတင် မကသေးဘူး။ နိုင်ငံရေး မှာ အရေး အကြီးဆုံး ဖြစ်တဲ့ နိုင်ငံရေး ခံယူချက်ပိုင်းမှာ လည်း မည် သည့်အခါမှ ဖောက်လွဲဖောက်ပြန် မရှိ ခဲ့ဘူးဗျ။

သခင်ဝတင်ဟာ ၁၉၅၀ နှစ် များ စောစောပိုင်းလောက်က နိုင်ငံရေး နယ်ပယ်က လုံးဝထွက် ခဲ့တယ်။ သူဘာကြောင့် ထွက်တယ်ဆိုတာ သတင်းစာရှင်းလင်းပွဲလည်း မလုပ်ဘူး။ စာတစ်တန် ပေတစ်ဖွဲ့လည်း မရေး ဘူး။ သတင်းစာဆရာတချို့ ကတော့ သိတယ်။ ဒါပေမယ့် အကျယ်ချဲ့ မရေး ခဲ့ကြဘူး။

ကျွန်တော် က အခုမှ သခင်ဝတင်အကြောင်းကို ဘာကြောင့် ရေး သလဲဆိုရင် တစ်လော တုန်းက သခင်တင်မြရဲ့ ဆောင်းပါးတစ်ပုဒ်မှာ မြန်မာနိုင်ငံ ပထမဆုံးသမ္မတကြီး စပ်ရွှေသိုက် ပြီးတဲ့ နောက် သမ္မတအသစ် ရွေးချယ်ဖို့ စဉ်းစားကြတော့ သခင်ဝတင်တို့က ဦးချစ်လှိုင်ကို တင်ချင်တယ်၊ ဆရာစံကြိုး ပေးတဲ့ တရားစီရင်ရေး အဖွဲ့မှာ ပါခဲ့သူကို သခင်ဝတင်တို့က မလိုလားဘူးဆိုတဲ့ ရေး သားချက် ပါရှိခဲ့တာ တွေ့ရလို့ပါပဲ။ (သခင်တင်မြရေး တဲ့ ဦးချစ်လှိုင်ဆိုတာ ဂျီစီဘီအေခေတ်က ခေါင်းဆောင်ကြီး ဦးချစ်လှိုင်ကို ဆိုလိုတာလို့ ယူဆပါတယ်။)

အဲဒီ ဖြစ်ရပ်နဲ့ ပတ်သက်လို့ ကျွန်တော် ကိုယ်တိုင် အဘသခင်ဝတင်ကို မေးဖူးတယ်ဗျ။ ကျွန်တော် က သခင်ဝတင်ကို အဘလို့ပဲ ခေါ်တယ်။ အဘနဲ့ကျွန်တော် သိကျွမ်းပုံကို အရင်ပြောပါ ဦးမယ်။ ၁၉၈၅ ခုနှစ် နှစ် ဦးပိုင်း တစ်ရက်မှာ အဘက ကျွန်တော် အိမ်ကို လာတွေ့ပါတယ်။ အဲဒီ အချိန်မှာ ကျွန်တော် တို့ သုံးလေးစောင်လောက်ထုတ်ဝေပြီး ဖြစ်တဲ့ အတွေးအမြင် စာစောင်ကို ဖတ်မိပြီး ကိုယ်တိုင်ကိုယ်ကျ လာချီးကျူး တာပါ။ အဲဒီ ကစပြီး ဆရာတပည့်လို၊ တူအရီးလို ရင်းနှီး သွားကြတယ်ဗျာ။ အဘက မောင်ထော်လေးလမ်း (ယခု ဗိုလ်ဆွန်ပက်လမ်း) မှာ နေတယ်။ ကျွန် တော် က ၃၃ လမ်း နေတာ ဖြစ်လို့ ကြားမှာ

လမ်း သုံးလမ်းပဲ ခြားတယ်။

အဘနဲ့ ကျွန်တော် လေးနှစ် ကျော် ငါးနှစ် နီးပါးလောက်ပဲ ရင်းရင်းနှီးနှီးထိတွေ့လိုက်ပါ တယ်။ အဘသခင်ဝတင်ဟာ ၁၉၈၉ ဇူလိုင်လထဲမှာ ကွယ်လွန်ပါတယ်။ အဘဆုံးတော့ အသက် ၈၀ နီးနီး ရှိနေပါပြီ။

ကျွန်တော့် ဘဝမှာ နိုင်ငံရေး သမား၊ နိုင်ငံရေး ခေါင်းဆောင်တွေ နဲ့ တွေ့ကြုံဆက်ဆံခဲ့ရတာ အတော် ကလေးများ ပါတယ်။ ကြည်ညိုစရာ ပုဂ္ဂိုလ်တွေ နဲ့ တွေ့ရဖူးသလို အဝေးကလှမ်းကြည့်နေ တုန်းက အကောင်းသား၊ အနီးကပ်ဆက်ဆံရတော့မှ စိတ်ပျက်ခဲ့ရသူတွေ လည်း ရှိခဲ့တယ်ဗျာ။

အဘသခင်ဝတင်ကိုတော့ ကျွန်တော် တွေ့ဖူးသမျှ အဆင့်မြင့် နိုင်ငံရေး ခေါင်းဆောင်များ ထဲမှာ နံပါတ်တစ်လို့ ကျွန်တော် သတ်မှတ်ထားခဲ့ပါတယ်။ "ကျွန်တော် တွေ့ဖူးသမျှ"လို့ စကားခံ ထားပါတယ်နော်။ ကျွန်တော် မတွေ့မဆုံးဖူးတဲ့ထဲမှာ အများ ကြီး ရှိနိုင်ပါသေးတယ်။ စာထဲဖတ်ဖူး တဲ့ ခေါင်းဆောင်များ ထဲမှာ သခင်မြ၊ ဒီးဒုတ် ဦးဘချိုတို့လို ပုဂ္ဂိုလ်တွေ ကိုလည်း ကျွန်တော် တို့ အလွန်ကြည်ညိုပါတယ်။

သခင်ဝတင်ဟာ သူ့အကြောင်း ကျွန်တော် ဘယ်လောက်သိသလဲ၊ စာတွေ ထဲ ဘယ် လောက်ဖတ်ဖူးသလဲလို့ မေးဖူးပါတယ်။ ကျွန်တော် က မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှု သမိုင်းနဲ့ ပတ်သက်တဲ့ စာတမ်းတွေ ကို လက်လှမ်းမီသမျှမလွတ်တမ်းဖတ်ထားသူပါ။ အထူးပြုဖတ်ခဲ့တာက တို့ဗမာအစည်းအရုံးသမိုင်း ဖြစ်ပါတယ်။ သခင်လူငယ်တွေ ရဲ့ ဝံ့ဝံ့စားစား နိုင်ငံရေး လုပ်ခဲ့ကြပုံတွေ ကို ဖတ်ရင်း ကြက်သီးမွေးညင်းတွေ ထတဲ့အထိ ကျွန်တော် စိတ်ထဲ ခံစားရပါတယ်။ ကျွန်တော့် ဆောင်း ပါးတစ်ပုဒ်မှာ ရေး ခဲ့ဖူးသလို တို့ဗမာသီချင်း နားထောင်ရင်းတောင် ကျွန်တော် က မျက်ရည်ကျတတ် တဲ့ခံစားချက်ရှိပါတယ်။ အဲဒီ ခေတ် နိုင်ငံရေး သမား လက်ဟောင်းကြီးတွေ ကြားထဲကနေ "သခင်မျိုး ဟေ့ တို့ဗမာ"လို့ ကြွေးကြော်ပြီး ဖောက်ထွက်ရှေ့တက်လာတဲ့ သခင်လူငယ်တွေ ကို ကျွန်တော့် အာရုံထဲ သူရဲကောင်းတွေ လို စွဲလမ်းနေမိပါတယ်။ အဲဒါကြောင့် ကျွန်တော် ဖတ်ထားတဲ့ သခင် လှုပ်ရှားမှု မှတ်တမ်းစာတွေ ထဲက မှတ်မိသမျှ သခင်ဝတင်အကြောင်းတွေ ပြောပြတော့

အဘက အတော် ကျေနပ်သွားပုံ ရတယ်။

စောစောက ပြောခဲ့တဲ့ သမ္မတရွေးချယ်တဲ့ကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော် က တည့်တည့် မေးကြည့်ဖူးတယ်။ အဘသခင်ဝတင် ပြောပြတာက စပ်ရှေ့သိုက်ပြီးတော့ သမ္မတတင်မြှောက်ဖို့ စဉ်းစားကြတဲ့အတွင်း ၊စည်းထဲမှာ သူပါတယ်။ ဆရာကြီးသခင်ကိုယ်တော် မှိုင်းကို အဘတို့က တင်ချင်တယ်။ ဒါပေမယ့် ဆိုရှယ်လစ်ခေါင်းဆောင်တချို့က ဆရာကြီးမှိုင်းဟာ ကွန်မြူနစ်တွေ နဲ့ နီးစပ်သူ ဖြစ်တယ်။ သူပုန်အားပေးနေသူ ဖြစ်တယ်ဆိုပြီး ပယ်ချတယ်။ ဒါနဲ့ ဦးချစ်လှိုင်ကို တင်ဖို့ ဆန္ဒပြုတယ်။ ဒါပေမယ့် ဟိုလူတွေ က ပယ်ချပြီး သူတို့ အဆိုပြုတဲ့ပုဂ္ဂိုလ်ကိုပဲ မ ဖြစ် ဖြစ်တဲ့နည်းနဲ့ ရအောင်တင်ခဲ့ကြတာလို့ ပြောပါတယ်။

ဆရာကြီး မှိုင်းကို တင်မယ်လို့ အဘတို့က စဉ်းစားတယ်ဆိုတော့ ဆရာကြီးကကော သဘောတူလို့လားလို့ မေးကြည့်တယ်။ ဆရာကြီးက ပထမတော့ မသိပါဘူးတဲ့။ နောက် သိသွား တော့ မင်းတို့အကြံအတိုင်း အားလုံးက သဘောတူပြီး ဆရာ့ကို သမ္မတလုပ်ခိုင်းရင်တောင် ဆရာ မလုပ်ပါဘူးကွာ၊ ဆရာက အာဏာရှိတဲ့အလုပ်ဆိုရင် တစ်ပဲသားလောက်ပဲရှိရှိ ဘယ်လိုမှ မလုပ်နိုင် ပါဘူးလို့ ပြောပါသတဲ့။

အဘသခင်ဝတင်ဟာ သူကိုယ်တိုင် အာဏာမမက်သူ ဖြစ်လေတော့ ဆရာကြီး သခင် ကိုယ်တော် မှိုင်းကို ပို၍ တောင် ကြည်ညိုသွားပါသတဲ့ဗျာ။

သခင်ဝတင် နိုင်ငံရေး က ထွက်ခဲ့တာ (ဖဆပလ ဗဟိုအလုပ်အမှု ဆောင်၊ အာဏာရ ဆိုရှယ် လစ်ပါတီ အထွေထွေအတွင်း ၊ရေး မှူး ရာထူးက ထွက်တာ) ဟာ အဓိက ကတော့ အဲဒီ သမ္မတ ရွေးချယ်မှု ကိစ္စကြောင့် ပါပဲ။ ဒါပေမယ့် သူ့အနေနဲ့ မကျေနပ်ချက်တွေ ကို တိုင်းပြည်သိအောင် မထုတ်ဖော်ခဲ့ပါ။ ကျွန်တော် က ဘာကြောင့် အဘမဖော်ထုတ်တာလဲ မေးတော့ “တိုင်းပြည် အတွက် အကျိုးမရှိဘူး၊ ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေ မကောင်းကြောင်း ပြန်ပြောရတာ ဘယ် ကောင်းပါ့မလဲ၊ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ကျုပ်တော့ ဒါတွေ ဒါတွေ မကျေနပ်လို့ ထွက်ပါတယ် ပြောတော့လည်း ဆုံးဖြတ်ပြီးသားကို ပြန်ပြင်လို့ ရတော့တာမှ မဟုတ်ဘဲ”လို့ ဖြေပါတယ်။

သခင်ဝတင်ဟာ နိုင်ငံရေး တာဝန်များ မှ နုတ်ထွက်ပြီး စီးပွားရေး လုပ်ပါတယ်။ အဲဒီ ခေတ် အာဏာရနိုင်ငံရေး သမားတွေ နဲ့ ပေါင်းစားတဲ့ စီးပွားရေး မျိုး မဟုတ်၊ ကိုယ်ထူကိုယ်ထ စျေးရောင် း စျေးဝယ်လုပ်ခဲ့ခြင်းစာ ဖြစ်ပါတယ်။ သူဌေးမ ဖြစ်ခဲ့ပါ။ စားလောက်ရုံမျှသာ။

ကျွန်တော် နဲ့ ရင်းနှီးချိန်မှာ အဘ သခင်ဝတင်ဟာ ဗိုလ်ဆွန်ပက်လမ်း၊ တိုက်ဟောင်းတစ်ခု ရဲ့ ၁၂ ပေခွဲ၊ ပေ ၅၀ ပထမထပ် တိုက်ခန်းလေး တစ်ခုမှာ နေနေပါတယ်။ ဇိမ်ခံပစ္စည်း ဘာတစ်ခုမှ မရှိပါ။ ကျွန်တော့် မျက်တွေ ့၊ အဘသမီး ‘ပပ’က ၁၉၇၈ ဒေသကောလိပ် လူထု ဆက်သွယ်ရေး သင်တန်းက ကျွန်တော့် တပည့်ဟောင်း။ သူတို့မိသားစု အခြေအနေကို ကျွန်တော် သေချာသိပါ တယ်။

အဘက လွတ်လပ်ရေး မော်ကွန်းတင် ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည် ဘွဲ့တွေ ပေးတော့လည်း ပထမဆင့် ရတယ်။ ကုန်ဝယ်စာအုပ်ရတယ်။ ကျွန်တော့်ကို အဲဒီ ကုန်ဝယ်စာအုပ်ပြတယ်။ ဘာ တစ်ခုမှ ထုတ်မထားပါ။ ပဒုမ္မာဆိုင်က ပစ္စည်းမထုတ်တာ အဘ တစ်ယောက် ပဲ ရှိတယ်လို့ တပည့် တွေ က ပြောတယ်လို့ သခင်ဝတင်က ပြောပါတယ်။ ဘီ ၆၀၀ မာဇဒါကားဝယ်ခွင့်လျှောက်ဖို့ သက်ဆိုင်ရာက လျှောက်လွှာပုံစံပါ ဖြည့်လာတယ်။ လက်မှတ်ထိုးလိုက်ရုံပါ။ လက်လွှဲပြန်ရောင် းရုံနဲ့ ၁၉၈၅-၈၆ က ငွေတစ်သိန်း အသားတင်ရပါမယ်။ အဘလုံးဝ လက်မှတ်မထိုးခဲ့ပါ။

အဘတို့ မိသားစု ဆန်၊ ဆီ၊ ဆား ငြုတ် ကြက်သွန် အားလုံး ရပ်ကွက်ပြည်သူ့ဆိုင်နဲ့ သမ ဝါယမဆိုင်ကပဲ ဝယ်စားပါတယ်။

နိုင်ငံရေး သမားဆိုတာ ပြည်သူတွေ နဲ့ တစ်လှေထဲစီး တစ်ခရီးထဲသွားနေသလို နေထိုင်ရ မယ်။ တစ်လှေထဲမှာ ပါလာတဲ့သူတွေ ငတ်ပြတ်နေချိန်မှာ ကိုယ် တစ်ယောက် တည်း ထမင်းထုပ် ဖြေစားနေတာမျိုး မလုပ်ရဘူးကွဲ့ မောင်ဝံသရဲ့ လို့ အဘပြောတာ နားထဲက မထွက်ပါ။

အဘသခင်ဝတင်ဆီက ဘဝနေနည်းတွေ နဲ့ နလုံးသွင်းအပ်တဲ့ ခံယူချက်တွေ

အများ ကြီး ကျွန်တော် ကြားနာမှတ်သားခဲ့ရပါတယ်။ ကျွန်တော့် ကိုလည်း အဘက အတော် မျှော်လင့်ပုံရပါ တယ်။ တစ်ပတ်တစ်ခါ သူ့အိမ်ကို မပျက်မကွက်လာခိုင်းတယ်။ သူ့စိတ်ထဲ ပေါ်လာတာကို ပြောနေ ရင်းကနေ မောင်ဝံသ ဒါကို လိုက်ရေး စမ်းလို့ ဆိုကာ နှုတ်က ရွတ်ပေးတာကို လိုက်ရေး ခိုင်းတယ်။

အဘဖတ်ခိုင်းလို့ သူရေး ခဲ့တဲ့စာအုပ် နှစ် အုပ် ဖတ်ဖူးတယ်။ လွတ်လပ်ရေး ရပြီးစက ပြည်သူ့ အလင်းပုံနှိပ်တိုက်က ထုတ်တဲ့ "ဒို့ဘာ ဖြစ်နေကြလဲ" နဲ့ ၁၉၇၀ လောက်က ထုတ်တဲ့ "လောကနဲ့ လူသား"ဆိုတဲ့ စာအုပ်ပါ။ တစ်ခါတော့ ဖဆပလခေါင်းဆောင် ဦးကျော်ငြိမ်းအကြောင်း သူပုံကြမ်း ရေး ထားတဲ့ စာသုံးလေးရွက်လောက်ကို ပေးဖတ်တယ်။ ဝေဖန်ခိုင်းတယ်။ သူတို့ခေတ် နိုင်ငံရေး ဖြစ်ရပ်တွေ အပေါ် ကျွန်တော် သုံးသပ်ပြတာကို နားထောင်တယ်။ မသင့်တာကို ပြင်ပေးတယ်။

အဘကို လေးနှစ် ကျော်ကျော်လောက် နီးနီးကပ်ကပ် ဆည်းကပ်လိုက်ရတာ ကျွန်တော့် အဖို့ တန်ဖိုးရှိတဲ့ သင်ခန်းစာတွေ အများ ကြီး ရခဲ့တယ်လို့ ယုံကြည်ပါတယ်။

၁၉၈၈ မှာ ကျွန်တော် နိုင်ငံရေး နယ်ထဲ ခြေစုံပစ်ဝင်တော့ အဘ သခင်ဝတင်က ခုလို ပြော ပါတယ်။

"မောင်ဝံသ ဘာကြောင့် နိုင်ငံရေး ထဲ ဝင်သလဲ၊ တိုင်းပြည်နဲ့ လူမျိုးအတွက် လုပ်ချင်လို့ပါလို့ ဖြေမှာ ပဲ မဟုတ်လား။ တိုင်းပြည်နဲ့လူမျိုးအတွက် ရာခိုင်နှုန်း ဘယ်လောက်၊ ကိုယ့်အကျိုးအတွက် ရာခိုင်နှုန်း ဘယ်လောက်၊ ချိန်ဆကြည့်၊ ကိုယ့်ဘာသာအဖြေထုတ်၊ ကိုယ့်ဘာသာ အမှတ်ပေး၊ နိုင်ငံရေး သမားကောင်း ဖြစ်ချင်ရင် အောင့်နိုင်ရမယ်။ စောင့်နိုင်ရမယ်ကွဲ့"

အဘက အောင့်နိုင်ဖို့ စောင့်နိုင်ဖို့ဆိုတာတွေ ကို အကျယ်ဆက်ရှင်းပြပါသေးတယ်။ သခင် ဝတင် ပြောစကားတွေ ကို ကျွန်တော် ပြန်ပြောပြတာထက် ဝိဓူရ သခင်ချစ်မောင်ရေး တဲ့ အမျိုးသား အာဇာနည် ခေါင်းဆောင်ကြီး သခင်မြ အတ္ထုပ္ပတ္တိစာအုပ် (၁၉၇၉) မှာ သခင်ဝတင် ကိုယ်တိုင် သခင်မြကို ဂုဏ်ပြုရေး

သားထားတဲ့ စာသားတွေ က ပိုပြီး ရှင်းလင်းပြည့်စုံမယ်လို့ ထင်ပါတယ်။

ဝိဂ္ဂရသခင်ချစ်မောင်က "အမျိုးသားလွတ်လပ်ရေး တိုက်ပွဲဝင် ခေါင်းဆောင်တစ်ဦး ဖြစ်သူ သခင်ဝတင်၏ အမှတ်တရ"လို့ ခေါင်းစဉ်တပ်ပြီး ဖော်ပြခဲ့ပါတယ်။

"သခင်မြသည် နာမည် ကြီးချင်တာကို အောင့်၍ ထားနိုင်သည်။ ဂုဏ်ရှိချင်တာကို အောင့်၍ ထားနိုင်သည်။ ပိုက်ဆံချမ်းသာချင်တာကို အောင့်၍ ထားနိုင်သည်။ အသောက်အစား လောင်း ကစားမှု ပျော်ပါးမှု ကင်းစင်သည်။ ဝင့်ဝင့်ဝါဝါမရှိ။ ဖြစ်သလို နေနိုင်၊ ဝတ်နိုင်၊ အိပ်နိုင်သည်။ လိုချင် တာကို အောင့်၍ ထားနိုင်သည်။ ဘယ်နေရာတွင် မှ မာန်မာနမရှိ။ စိတ်ဆိုးစရာကို အောင့်နိုင်သည်။ တစ်စုံတစ်ရာတွင် ပြဿ နာနှင့် တွေ့ကြုံက အမှန်ဆုံး ဖြစ်အောင် စဉ်းစားချင့်ချိန်၍ ဆုံးဖြတ်နိုင် သည်။ ဆိုခဲစေ၊ မြဲစေဆိုသည့်အတိုင်း စကားကို အလွန်အကျွံ ဘယ်အခါမှ မပြော။ လူသားများ ထဲ မှ အကောင်းဆုံးသော လူသားတစ်ဦးကို လက်ညှိုးထိုး၍ ပြစမ်းပါဟုဆိုလျှင် သခင်မြအား စံပြ နမူနာ လူသားအ ဖြစ်ဖြင့် ပြနိုင်ပါသည်။ သခင်ဝတင်၊ ၂၆၊ ၅၊ ၇၈။"

သခင်မြရဲ့ ဂုဏ်ပုဒ်များ အ ဖြစ် သခင်ဝတင်က ရေး သားခဲ့တဲ့ အချက်တွေ ဟာ သူလေးစား တန်ဖိုးထားတဲ့ နိုင်ငံရေး သမားဘဝနေနည်းကို ဖော်ပြလိုက်တာပဲ ဖြစ်ပါတယ်။ အဘကိုယ်တိုင် လည်း အဲဒီ နေနည်းအတိုင်း သေတစ်ပန် သက်တစ်ဆုံး နေ သွားပါတယ်။ ရှာမှရှားတဲ့ နိုင်ငံရေး သမားကြီး သခင်ဝတင် ကွယ်လွန်ခြင်း နှစ် နှစ် ဆယ်ပြည့်ချိန်မှာ အဘရဲ့ နောက်ကျတပည့် ဖြစ် လိုက်ရသူ ကျွန်တော် က လွမ်းဆွတ်တသလျက် ဤဆောင်းပါးဖြင့် ဂုဏ်ပြုလိုက်ပါတယ်။

ပေါ်ပြူလာနယူးစ်ဂျာနယ်၊ ၉ ဇူလိုင် ၂၀၀၉။

***

# သခင်ဝတင်ကို အကြောင်းပြု၍

နိုင်ငံရေး သမားကြီး သခင်ဝတင် (ကွယ်လွန်) အကြောင်းကို ပေါ်ပြူလာနယူးစ်ဂျာနယ် (၉ ဇူလိုင် ဝ၉) မှာ "ရှာမှ ရှားတဲ့ နိုင်ငံရေး သမား" ခေါင်းစဉ်နဲ့ ကျွန်တော် ရေး ခဲ့ပါတယ်။ မူလက "အောင့်နိုင်တဲ့ နိုင်ငံရေး သမား"လို့ ခေါင်းစဉ်ပေးထားတာကို စာမူပေးတော့ "ရှာမှရှားတဲ့ . . . ."လို့ ကျွန်တော် ပြင်လိုက်တာပါ။

အဲဒီ ဆောင်းပါးက ဂယက်နည်းနည်း ရိုက်ပါတယ်။ ကောင်းတယ်၊ သဘောကျတယ်လို့ ချီးမွမ်းသူက များ ပါတယ်။ ကျွန်တော့် ဆရာ တစ်ယောက် ကဆိုရင် မနက်စောစောကြီး ဖုန်းဆက်ပြီး ချီးကျူး စကားပြောတယ်။ သခင်ဝတင်လို နိုင်ငံရေး သမားတွေ ခုနေခါ ပိုပြီး အရေး တကြီးလိုနေပြီဗျ လို့ သူက မှတ်ချက်ပေးပါတယ်။

လူတိုင်းလိုလိုအပေါ် အကောင်းမမြင်ဘဲ ကလန်တန်တန် ပြောလေ့ရှိသူ (စာဖတ်သူတွေ ဆီမှာ လည်း အဲသလို အသိအကျွမ်းမျိုး တစ်ယောက် တလေ ရှိကောင်း ရှိနေမှာ ပါ) မျက်နှာသိ တစ်ယောက် ကတော့ အနော်ရထားလမ်းပေါ်မှာ ဖြတ်သွားဖြတ်လာတွေ့ရင်း ခင်ဗျားတို့ စာရေး ဆရာတွေ ကတော့ ဂျပိုးကို လိပ် ဖြစ်အောင် ရေး တတ်ပါပေ့လို့ ကျွန်တော့် ကို အသလွတ်ကြီး ရိသွား ပါတယ်။

အဲဒီ တော့ လွန်ခဲ့တဲ့ နှစ် နှစ် ဆယ်ကျော်က ဖြစ်ရပ်တစ်ခုကို ကျွန်တော် ပြေးသတိရလိုက် တယ်။ ၁၉၈၅ ခုနှစ် လောက်ကပါ။ အဘသခင်ဝတင်က အတွေးအမြင် စာစောင်ကို ပုံမှန်ဖတ်ပြီး သူသဘောကျတဲ့ ဆောင်းပါးတွေ ကို ချီးကျူး တတ်ပါတယ်။ တစ်ခါတော့ သူချီးကျူး တဲ့ထဲမှာ သူနဲ့ သက်တူရွယ်တူလောက် စာရေး ဆရာကြီး တစ်ယောက် ပါတယ်။ သူတို့ လူချင်းလည်း ရင်းနှီးခဲ့ကြ တယ်၊ လူချင်းမတွေ့တာတောင် ကြာပြီတဲ့၊ အဘက သူ့ရဲ့ ×××× ဆောင်းပါးကို ဖတ်ပြီး သဘော ကျနေတယ်လို့ ပြောလိုက်ပါ။

သတိရတဲ့အကြောင်း ကျွန်းမာချမ်းသာဖို့ မေတ္တာပို့သနေတဲ့ အကြောင်း ကျွန်တော့်ကို စကားပါးလိုက်ပါတယ်။ ကျွန်တော် က အဲဒီ ဆရာကြီးနဲ့ တွေ့တော့ သခင် ၀တင်က ခုလို စကားပါးလိုက်ပါတယ်လို့ ပြောပြတယ်။ အဲဒီ တော့ ဆရာကြီးက သြော် သခင်၀တင် ရှိသေးသကိုး၊ ဒီလူက လူကောင်းကြီးပါ၊ ဒါပေမယ့် နိုင်ငံရေး သမားထဲမှာ တော့ ခပ်ဆန်းဆန်းပဲလို့ ပြောပါတယ်။ ကျွန်တော် က အဲသလို တစ်ယောက် အပေါ် တစ်ယောက် ထင်မြင်ချက်တွေ ကို အလွန်စိတ်ဝင်စားတတ်သူ ဖြစ်လို့ ဆက်မေးပါတယ်။ ဘယ်လိုဆန်းတာလဲလို့ မေးတာပါ။ အဲဒီ တော့လည်း ဆရာကြီးက ရေရေရာရာ မပြောတော့ဘူး။ ဒါပေမယ့် သခင်၀တင်ဟာ တခြားနိုင်ငံ ရေး သမားတွေ နဲ့မတူဘူး၊ ခပ်ကြောင်ကြောင် . . .ဆိုတဲ့ အသုံးအနှုန်းမျိုးကို သတိထားလိုက်မိ တယ်။

ကျွန်တော် က “ဟုတ်တယ် ဆရာကြီး၊ သခင်၀တင်ဟာ တခြားနိုင်ငံရေး သမားတွေ နဲ့ မတူ တာ ကတော့ သေချာပါတယ်။ ခုလောလောဆယ် ကျွန်တော် သိထားတာ ကတော့ သခင်၀တင်ဟာ နိုင်ငံ့ဂုဏ်ရည် ကုန်၀ယ်စာအုပ်ကို ဘာပစ္စည်းမှ မထုတ်ဘဲ ထားတယ်”လို့ ပြောလိုက်တော့ ဆရာ ကြီးက “ဟုတ်ရဲ့ လား ငါ့လူရယ်၊ အေးလေ၊ သခင်၀တင်ဆိုတဲ့လူ ကတော့ အဲသလို ခပ်ရွတ်ရွတ် လုပ်တတ်တာပဲ၊ ဒီမယ် သူ့ကို ငါက မှာ တယ်လို့ ပြောလိုက်၊ သူ့မိတ်ဆွေကြီး (ဆရာကြီး နာမည် ကို ပြောပါတယ်) တစ်ယောက် တော့ စာရေး စားရင်း ငတ်နေတယ်၊ ကုန်၀ယ်စာအုပ်ငှားလိုက်စမ်းပါလို့”

အဲဒီ အကြောင်းကို အဘသခင်၀တင်ကို ကျွန်တော် ပြန်ပြောပြတော့ ရယ်ရယ်မောမောပါပဲ။ သည်လူ ကတော့ အရင်အတိုင်းပဲ။ ဟာသဓာတ်ခံရှိတယ်လို့ ပြောပါတယ်။

နောက် တစ်ယောက် က သခင်၀တင်တို့ နိုင်ငံရေး လုပ်ချိန်က သတင်းထောက် ဖြစ်နေပြီ ဖြစ် တဲ့ သတင်းစာဆရာ တစ်ယောက် ။ သူက သခင်၀တင်အကြောင်း သူ့ကို ကျွန်တော် မေးမြန်းချိန်မှာ ပြည်သူပိုင်သတင်းစာတစ်စောင်မှာ ဒုတိယအယ်ဒီတာချုပ် ဖြစ်နေပါတယ်။ တစ်နေ့ သူနဲ့ ကျွန် တော် အနော်ရထာလမ်းက လက်ဖက်ရည်ဆိုင်မှာ ထိုင်နေကြတုန်း ပလက်ဖောင်းပေါ်မှာ သခင် ၀တင်နဲ့ အဖော် တစ်ယောက်

ဖြုတ်လျှောက်သွားတယ်။ အဘ သခင်ဝတင်လို ပုဂ္ဂိုလ်ကို လက်ဖက် ရည်ဆိုင်ထဲကနေ လှမ်းခေါ်နှုတ်ဆက်ဖို့ မသင့်တာကြောင့် ကျွန်တော် အသံမပြုတော့ဘဲ ခုနပြော တဲ့ သတင်းစာဆရာကို ဟိုမှာ ဖြုတ်လျှောက်သွားတဲ့ ဘကြီးကို သိလားလို့ မေးလိုက်တယ်။ သူက တစ်ချက်လှမ်းကြည့်ပြီး မြင်တော့မြင်ဖူးတယ်၊ နာမည် မမှတ်မိဘူးတဲ့၊ အဲဒါ သခင်ဝတင်လေ၊ ခင်ဗျားတို့ မီခဲ့မှာ ပေါ့လို့ ပြောလိုက်တော့ "ဟာ ဟုတ်လား၊ ဒီလူကြီး ရှိသေးတာကိုး၊ မငယ်တော့ ဘူးဗျ၊ ခုနစ်ဆယ်ငါးကျော်လောက်ပြီ" လို့ ပြောတယ်။ "အခု ကျွန်တော် နဲ့ တွေ့တတ်ပါတယ်။ သခင်ဝတင်ကို ကျွန်တော် စိတ်ဝင်စားတယ်ဗျ၊ တစ်နေ့ သူ့အကြောင်း ကျွန်တော် ရေး မလို့" လို့ ကျွန်တော် ပြောလိုက်တော့ သတင်းစာဆရာက "လူ့ငွစာကြီးဗျ၊ နိုင်ငံရေး သမား အတော် များများ နဲ့ မတည့်ဘူး၊ ဒါကြောင့် လဲ အပြင်ရောက်သွားတာ၊ သူသာလိမ်မာရင် ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့နဲ့ တစ်တန်းတည်း အစောကြီး ဝန်ကြီး ဖြစ်ခဲ့မှာ၊ သူက စောစောပိုင်း ဆိုရှယ်လစ်ပါတီမှာ ထိပ်သီး လေးငါးယောက် ထဲ ပါတာပေါ့"လို့ ပြောပါတယ်။ သည်လောက်ဆို ကျွန်တော် မှန်းဆလို့ရပါပြီ။ လူတွေ (အများ စု) ဟာ အဲသလို သဘောထားမျိုးတွေ ရှိနေကြတာ ကြာပြီကောဗျာ။ "သူသာ လိမ်မာရင် . . . အစောကြီး ဝန်ကြီး ဖြစ်ခဲ့မှာ . . ."ဆိုတဲ့ မှတ်ချက်မျိုး ခေါင်းထဲအလွယ်ပေါ်လာ တတ်ကြပေသကိုး။ ဒါတောင် သတင်းစာဆရာ တစ်ယောက် ရဲ့ နှုတ်က ထွက်တာဗျာ။

ကျွန်တော် က အဘသခင်ဝတင်ပေးဖတ်ထားလို့ မြန်မာ့လွတ်လပ်ရေး မရမီ ရေး သားထုတ် ဝေခဲ့တဲ့ "ဒို့ဘာ ဖြစ်နေကြလဲ" စာအုပ်ထဲက အဘရဲ့ အရေး အသားတချို့ကို ပြေးသတိရလိုက် တယ်။ ကျွန်တော့် နောင်တော် သတင်းစာဆရာရဲ့ အတွေးမျိုးတွေ ကို နှစ်ပေါင်း လေးဆယ်ကျော် လောက်ကတည်းက သခင်ဝတင်က ချေပပြီးသားပါ။

"နိုင်ငံရေး သမား၏ ဘဝလမ်းဆုံးသည် ဝန်ကြီး ဖြစ်ရေး ၊ သမ္မတ ဖြစ်ရေး မဟုတ်ပါ၊ မိမိတို့ မလိုလားသော စနစ်ကြီးတစ်ခုကို လိုလားသော စနစ်သို့ ခရီးဆုံးတိုင်အောင် ပြောင်းသော လုပ်ငန်း သာလျှင် ဖြစ်သည်ဟု ယူဆပါ၏ ။

ကျွန်တော် ၏ မိတ်ဆွေ တစ်ယောက် သည် တစ်နေ့တွင် ကျွန်တော် ၏ အိမ်သို့ ရောက်လာပါ ၏ ။ သူက နိုင်ငံရေး သမားအခေါ်ခံသူ တစ်ယောက် ဖြစ်ပါ၏ ။ သူက

ကျွန်တော့် အား ပြောပြသည်မှာ ကျုပ်သည် နိုင်ငံရေး လုပ်သဖြင့် အိမ်၏ အရေး ကို ဂရုမစိုက်နိုင်ကြောင်း၊ ကျုပ်မိန်းမက ခဏခဏ ဆူပွက်ကြောင်း၊ ဒါကြောင့် ကျုပ်က ကျုပ်မိန်းမကို ဘယ်သူတွေ တောင် ဘယ်လိုအယ်ဒီတာဘဝက စာရေး များ လုပ်သည့်ဘဝက နိုင်ငံရေး ဘဝကို ကူးပြောင်းပြီး နိုင်ငံရေး ကို လိုက်စားသည့်အတွက် ဝန်ကြီးတွေ ဘာတွေ ဖြစ်နေကြတယ်မဟုတ်လား၊ ငါ့လိုအရည်အချင်းရှိသူက ကျွန်တော့် အား ပြောပြပါသည်။ ထိုအခါ ကျွန်တော် က "ရဲဘော် ခင်ဗျား၏ ရည်ရွယ်ချက်များ သည် အမှား ကြီး လွဲမှား နေသည်။ ခင်ဗျားဇနီးကိုလည်း မဟုတ်မမှန်သော ရယ်ရွယ်ချက်များ ကို မျှော်လင့်ချက်များ ကို ပေးမထားပါနှင့် ဗျာ"ဟု ပြောပြရာတွင် သူသည် ကောင်းစွာ သဘောပေါက်ဟန် မတူချေ။ နိုင်ငံရေး ဆိုတာ ရွေးကောက်ပွဲဝင်ရေး ၊ အမတ် ဖြစ်ရေး ဝန်ကြီး ဖြစ်ရေး ၊ သမ္မတ ဖြစ်ရေး လောက်ပင် နားလည် သော သူလား ဟူ၍ မပြောတတ်တော့ချေ။"

(သခင်ဝတင်၊ ဒို့ဘာ ဖြစ်နေကြလဲ၊ စာ-၁၁ ပြည်သူ့အလင်းတန်းပုံနှိပ်တိုက်)

ပေါ်ပြူလာနယူးစ်မှာ ကျွန်တော် ရေး တဲ့ သခင်ဝတင်အကြောင်း ဆောင်းပါးဖတ်မိပြီး စိတ်ဝင်စားစွာ ဖုန်းဆက်ဆွေးနွေးသူတွေ ထဲမှာ ရှေ့နေ တစ်ယောက် လည်း ပါပါတယ်။ သူက တရားခွင် အမှု တွေ မလိုက်တော့ဘဲ ကုမ္ပဏီသုံးလေးခုရဲ့ ဥပဒေအကြံပေးလုက်ကာ အေးအေး ဆေးဆေး စာဖတ်ချိန်ရနေသူ ဖြစ်ပါတယ်။ သူက ကျွန်တော့်ဆောင်းပါးအရဆိုရင် သခင်ဝတင်ဟာ ကြည်ညိုစရာ ပုဂ္ဂိုလ် တစ်ယောက် အ ဖြစ် ထင်ရှားပေမယ့် စာအုပ်တစ်အုပ်ထဲမှာ သခင်ဝတင်ကို ဖြဲခနဲ့သူလို့ ရေး ထားတာတွေ ့ရတယ်လို့ ပြောပါတယ်။ ကျွန်တော် က ဘယ်သူရေး တဲ့ ဘာစာအုပ် လဲဆိုတာ မမေးခင်မှာ ပဲ ပြောလိုက်ပါတယ်။

"ဆရာရေ၊ နိုင်ငံရေး သမားဆိုတာ ချစ်သူမုန်းသူ အများ ကြီးရှိမှာ ပဲ၊ ချစ်ခင်လေးစားသူတွေ က ကောင်းကြောင်း ပြောမယ်၊ မုန်းသူတွေ ကတော့ မကောင်းကြောင်းပြောမှာ ဓမ္မတာပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းကိုတောင် သူ့ခေတ်မှာ ကို ရစရာမရှိအောင် ရှုတ်ချကြသေးတာပဲဗျာ။ သခင် ဝတင်ကိုလည်း သူနဲ့ ဘက်ချင်းမတူသူတွေ က ပြောမှာ ပဲဗျ" လို့ ပြန်ပြောလိုက်ပါတယ်။

ငြင်းရှေ့နေက အဲဒီ စာအုပ်ပို့လိုက်ပါမယ်လို့ဆိုပြီး တစ်ရက်နှစ် ရက်အတွင်း ပို့လိုက်ပါတယ်။ စာအုပ်က သခင်အောင်ဖေရေး တဲ့ “ဒီလိုပြောချင်သည်” ပါတဲ့။ ဖေဖော်ဝါရီ ၁၉၉၅ မှာ ထုတ်ဝေတဲ့ နိုင်ငံရေး ရေးဟောင်းနှောင်း ဖြစ် စာစု ဖြစ်ပါတယ်။ သခင်အောင်ဖေကို ကျွန်တော် ရင်းနှီးပါတယ်။ ဒါပေမယ့် အဲဒီ စာအုပ်ထွက်ချိန်မှာ ကျွန်တော် ခရီးလွန်နေလို့ ဖတ်ခွင့်မကြုံခဲ့တာပါ။

“ရှေးသခင်များ အကြောင်း မမေ့စကောင်း”ဆိုတဲ့ အခန်းမှာ သခင်ဝတင်အကြောင်း နည်း နည်းပါးပါး ထည့်ရေး ထားတာ တွေ့ရပါတယ်။ သခင်အောင်ဖေ ရေး သားချက်ကို ကောက်နုတ် ဖော်ပြရလျှင် -

“သခင်ဗစိန်၊ သခင်ညို၊ သခင်ထွန်းခင်၊ သခင်ဝတင် စသော ခေါင်းဆောင်များ ကို ရှေးဦး မဆွက သိခဲ့ရခြင်းမဟုတ်ပေ။ သခင်ဝတင်ဆိုလျှင် ဂျပန်ခေတ်ကျမှ သိရသည်။ ×××× သခင် ဝတင်မှာ နာမည် အတိုင်း ဝဝဖြိုး ဖြိုး လူကြီးဂိုက်နှင့် နေသူ ဖြစ်၏ ။ စောစောက မသိခဲ့ရပါ။ ဂျပန် ခေတ်ကျမှ သိရသည်။ စကားပြောလေးသည်။ ခံ့ခံ့ထည်ထည် ပြောတတ်သည်။ သခင်ဝတင်ကို သခင်ဗစိန်တို့က ခြံခုန်သူဟု ပြောကြ၏ ။ သခင်မြတို့ဘက်ကလည်း သူ့ကို မယုံကြပေ။ သူသည် သခင်အောင်ဆန်း (ဗိုလ်ချုပ်) ကို လေးစား၍ ဟိုဘက်က သည်ဘက်သို့ ပြောင်းရွှေ့ခဲ့ရခြင်းဟု ကျွန်ုပ်ကို ပြောသည်။ သခင်ဝတင်ထံမှ ရှေးသခင်ကြီးများ အကြောင်း၊ ဝံသာနုကြီးများ အကြောင်း၊ အကြောင်းစုံ သိခဲ့ရ မှတ်ခဲ့ရသည်။

ဤစာထဲမှာ ပဲ ပေါ်လွင်နေပါတယ်။ ကျွန်တော် တင်ပြခဲ့တဲ့ သခင်ဝတင်အကြောင်းထဲမှာ လည်း မူလက တို့ဗမာအစည်းအရုံး (သခင်ဗစိန်ဂိုဏ်း) က ဖြစ်ကြောင်း၊ နောက်မှ သခင်ကိုယ် တော် မိုင်းကို ကြည်ညိုပြီး အုပ်စုပြောင်းခဲ့ခြင်း ဖြစ်ကြောင်း ရေး ခဲ့ပါတယ်။ သည်တော့လည်း သခင် ဗစိန်တို့က ခြံခုန်သူလို့ ပြောမှာ ဓမ္မတာပဲပေါ့ဗျာ။ ဘစ်တစ်ဘက်က ပြောင်းလာသူကို ရောက်သွား တဲ့ဘက်က မယုံကြဘူးဆိုတာလည်း အဆန်းမဟုတ်ပါဘူး။ ဖြစ်သင့် ဖြစ်ထိုက်တာပဲလို့ ကျွန်တော် ကတော့ ယူဆပါတယ်။

ယခု ဆောင်းပါးမှာ ကျွန်တော် ပြောလိုရင်း ကတော့ သခင်ဝတင်ကို အကြောင်းပြုပြီး နိုင်ငံ ရေး သမားကောင်း တစ်ယောက် ရဲ့ ‘စံ’ကို ဆွေးနွေးလေ့လာလို့ ရလိုက်တဲ့အတွက် ဝမ်းသာမိ ကြောင်းပါ။ သခင်ဝတင်အပေါ် ဘယ်ရှုထောင့်ကပဲမြင်သူ ဖြစ်ပါစေ၊ (ဆိုလိုတာက ကြောင်တယ်ပဲ ပြောပြော၊ မလိမ်မာဘူးပဲပြောပြော) သူဟာ လူတော် လူကောင်း တစ်ယောက် ဖြစ်ကြောင်း၊ ကိုယ် ကျိုးရှာ နိုင်ငံရေး သမား တစ်ယောက် မဟုတ်ကြောင်း၊ ရာထူးလောဘ၊ အာဏာလောဘရှိသူ မဟုတ်ကြောင်းကိုတော့ ဝန်ခံကြရတာ ချည်းပဲ မဟုတ်ပါလား။

ဒါသည်ပင် နိုင်ငံရေး သမား တစ်ယောက် ရဲ့ ဂုဏ်သိက္ခာအစစ်လို့ ကျွန်တော် ယုံကြည် ကြောင်းပါဗျာ။

ပေါ်ပြူလာနယူးစ်ဂျာနယ်၊ ၂၃ ဇူလိုင် ၂၀၀၉

***